ပြည်တွင်းဆန်ဈေး အတက်ဘက်သို့ ပြန်လည်ဦးမော့လာ

သတင်းရင်းမြစ် > သီဟကိုကို
အင်္ဂါနေ့၊ အောက်တိုဘာလ ၀၈ ရက် ၂၀၁၃ ခုနှစ် ၁၂ နာရီ ၀၅ မိနစ်

ပြည်တွင်းဆန်ဈေးအတက်ဘက်သို့ ပြန်လည်ဦးမော့လာကြောင်း ဆန်ကုန်စည်ဒိုင်များက ပြောသည်။ နှစ်လဝန်းကျင် ခန့် ပြည်တွင်း ဆန်ဈေး အကျဈေးနှင့် တည်ငြိမ်ခဲ့သော်လည်း အောက်တိုဘာ ၄ ရက်မှ စတင်ကာ ဈေးမြင့်တက် လာကြောင်း ဆန်ကုန်သည်များက ပြောသည်။

လဆန်းပိုင်းရက်များတွင် ဆန်ဈေးအနည်းငယ်တက်လေ့ရှိသော်လည်း လက်ရှိတွင် ပြည်တွင်းဆန်ဝယ်လိုအားကြောင့်
ပြန်လည်မြင့်တက်လာရခြင်းဖြစ်ကြောင်း ဆန်ကုန်သည်များက ပြောသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း(ဝါးတန်းဆန်ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးတင်ဦးက "ပြီးခဲ့တဲ့လတွေ ဆန်ဈေးကျနေတဲ့အချိန်က လက်လီဆိုင်တွေကဆန်တွေကို ကုန်အောင်ရောင်းလိုက်ကြပြီ။ ဒီလမှာ ဆန်တွေကို
ပြန်ဝယ်လာနေကြတယ်။ အဲဒါကြောင့် ဆန်ဈေးက ပြန်တက်လာတာ"ဟု ပြောသည်။

အောက်တိုဘာ ၄ ရက်တွင် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ ဝန်းကျင်အထိ ဈေးနှုန်းမြင့်တက်လာကြောင်း ဆန်ကုန်သည်များက ပြောသည်။

ပေါ်ဆန်း(ရွှေဘို) တစ်အိတ်လျှင် ကျပ် ၃၃,၅၀၀ မှ ၃၄,၅၀၀ အထိ ဈေးမြင့်တက်လာပြီး ဧည့်မထ(ရှယ်) တစ်အိတ်လျှင် ကျပ် ၁၇,၃၀၀ မှ ၁၈၀၀၀ အထိ ဈေးမြင့်တက်လာနေကြောင်း ဆန်ကုန်စည်ဒိုင်များက ဆိုသည်။

ဝါးတန်းဆန်ကုန်စည်ဒိုင်မှ ဆန်ကုန်သည် ဦးညီညီထွန်းက "ဆန်က ဈေးငြိမ်နေတာကြာပြီလေ။ ဝယ်အားရှိလာတော့ ဈေးပြန်တက်လာတဲ့သဘောပါ။ နောက်ထပ်လည်း ကျပ် ၅၀၀ လောက်ထပ်တက်နိုင်တယ်။ ဒီတက်ဈေးက
နှစ်ပတ်၊ သုံးပတ်လောက်ကြာတတ်တယ်။ နောက်ပိုင်းကျရင်တော့ ပြန်ကျသွား တတ်ပါတယ်" ဟု ပြောသည်။

ဆန်ဈေးတက်လာရခြင်းသည်ပစ္စည်း လက်ကျန်ပြတ်ခြင်းနှင့် ပြည်ပဝယ်လိုအားများခြင်းတို့ကြောင့် မဟုတ်ဘဲ ဆန်ဈေး အငြိမ်ဖြင့် ကြာသွားသည့်အချိန်တွင် အဝယ်ပြန်လိုက်လာသည့်အတွက် ဈေးပြန်တက်လာရခြင်းဖြစ်ကြောင်း ဆန်လုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်းဆန်ဈေးမြင့်မှုနှင့် မတည်ငြိမ်မှုကြောင့် ပြည်ပဆန်တင်ပို့မှုတွင် အခက်အခဲများဖြစ်ပေါ် ရပြီး ပြည်ပဆန်တင်ပို့မှုများ လျော့နည်းနေရကြောင်း ဆန်လုပ်ငန်းအသိုင်းအဝိုင်းက ပြောသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post
by
Burma News from Mizzima
.